မေးခွန်း။ ကျွန်တော်ဘာဆက်လုပ်ရမည်နည်း? ဘာတွေဖြစ်လာမည်နည်း

"ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သော သူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏" (ယော ၁း၁၂)

"ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့" (ရောမ ၁၀း၁၃)

"သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသော သူမူကား အသက်ကိုမရ။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှာ ဤအရာများကိုသင်တို့အား ငါရေး၍ ပေးလိုက်၏" (၁ယော ၅း၁၂-၁၃)

ရွေးချယ်ခြင်းသည် သင်နှင့်သာသက်ဆိုင်သည်။




"ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသော သူကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်၏" (ယော ၅း၂၄)

ထာဝရအသက်သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ရရှိသော ဆုကျေးဇူးဖြစ်သည်။

အနန္တတန်ခိုးရှင် အဖဘုရား အကျွန်ုပ်၏စိတ်နှလုံး၊ အကြံအစည်၊ အတွေးအခေါ်တိုင်းသည်အပြစ်နှင့်သာပြည့်စုံ၍ ဘုရားသခင်အားဆန့်ကျင်သော သူဖြစ်ပါသည်။ အကျွန်ုပ်၏အပြစ်များကိုဖြေလွှတ်ပေးသနားတော်မူရန် အတွက်ခရစ်တော်အားအလိုတော်ရှိပါသည်။ အပြစ်တရားနှင့် ထာဝရငရဲမီးအိုင်ထဲမှ အကျွန်ုပ်အားကယ်တင်တော်မူပါ၊ အကျွန်ုပ်သေလွန်သွားခဲ့သော် ကောင်းကင်နိုင်ငံတော်သို့ ပို့ဆောင်တော်မူပါ၊ ထာဝရအသက်ဆုကျေးဇူးကို ယခုကျွန်ုပ်အား ပေးသနားတော်မူပါ။ ခရစ်တော်၏နာမ၌ ဆုတောင်းပါသည်။ အာမင်. . .

အင်တပ်နော်အောင်
ဂျန်မိုင်ကောင်

အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေပါသည်။
ဓမ္မဒါန

Minn Computer & Copier

# ရပ်လော့ !!




## ဘုရားသခင်၏ ဆုကျေးဇူးတော်ကား ထာဝရအသက်ပေတည်း။ သင်ကောလက်ခံရရှိပြီလား?

ထာဝရအသက်ရဖို့ရန် ဘယ်လိုစိတ်ချမှုရှိရမည်နည်း၊
အချက်(၄) ချက်သိရှိရန် လိုအပ်ပါသည်။

## ၁။ လူသားများအားလုံး အပြစ်လွန်ကျူးသည်။

"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ‌ရှေ့တော်၌ အသရေပျက်ကြပြီ" ရောမ ၃း၂၃

၁။အခြားဘုရားမကိုးကွယ်ရ
၂။ရုပ်တုဆင်းတုမပြုလုပ်ရ
၃။ဘုရားသခင့်၏နာမတော်
အားအလွဲမသုံးရ
၄။ဥပုတ်နေ့ကို သန့်ရှင်းပါ
၅။မိဘကိုရိုသေစွာပြုပါ

၆။လူ့အသက်မသတ်နှင့်
၇။သူ့မယားမပြစ်မှားနှင့်
၈။သူ့ဥစ္စာမခိုးနှင့်
၉။မမှန်သောသက်သေမခံနှင့်
၁၀။တစ်ပါးသူ၏ ဥစ္စာတပ်
မက်ခြင်းမရှိနှင့်



မိမိကိုယ်ကိုအကောင်း
မြင်ခြင်း။



ဘုရားသခင်နှင့်ကွဲ
ကွာခြင်း။



ဘုရားသခင်၏ပြည့်စုံ
ခြင်းစံနှုန်း၌ လူသား
အားလုံးအသရေပျက်
ကြပြီ။

အပြစ်တရားသည်ဘုရားသခင်၏
ပညတ်တရားကို ဆန့်ကျင်
ခြင်းဖြစ်သည်။
(နှုတ်ကပတ်တော်ကျမ်းစာ)

ဘုရားသခင်၏ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ယှဉ်သော် လူသားအားလုံးသည် ကြီးမားသောအပြစ်သားများ ဖြစ်သည်။
၁။ဘုရားသခင်အားသင်အလိုတော်ရှိပါသလား?
၂။အပြစ်တရား၌ သာသင်ကျင်လည်၍အဆုံးသတ်ချင်သလား?(နောင်တရပါ)

## ၂။ အပြစ်တရား၏ အပြစ်ဒဏ်သည် သေခြင်းဖြစ်သည်။

"အပြစ်တရား၏ အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေ တည်း" ရောမ (၆း၂၃) "ထိုအခါမရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏" ဗျာဒိတ် (၂၀း၁၄) လူသားများအားလုံးအပြစ်ရှိသောကြောင့် သေရမည်။ ငရဲသို့ သွားရမည်ဟု ဘုရားသခင်၏ ပညတ်တရားကဖော်ပြပါသောသတင်းဆိုးကြီးရှိပါသည်။ မည်သူမျှငရဲထဲသို့ မသွားချင်ပါ။ ထိုလမ်းမှ လွတ်မြောက်ရာလမ်းကော ရှိပါ့မလား? ရှိပါသည်။ အလုပ်တရား၊ ဘာသာတရားအားဖြင့် မဟုတ်ဘဲနှင့် ဘုရားသခင်သည် ခရစ်တော်ယေရှုအားဖြင့်သင့်အား ထာဝရအသက်ပေးနေပါသည်။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်၊ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း" ဧဖက် (၂း၈) ဆုကျေးဇူးသည် အဖိုးအခပေးရန်မလိုပါ၊ လက်ခံရန်သာဖြစ်သည်။ ထာဝရအသက်ဆိုသည်မှာ ဘုရားသခင်အားကိုယ်တိုင်သိရှိကာ သေလွန်သော်လည်း ကောင်းကင်နိုင်ငံသို့စံစား ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ပညတ်တရားသည် ငရဲသို့ပို့ဆောင်သော်လည်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်ကောင်းကင်နိုင်ငံသို့ ပို့ဆောင်ပါသည်။

သေခြင်းတရားဆိုသည်မှာ


ငါတို့၏ခန္ဓာကိုယ်
သေဆုံးခြင်း







## ၃။ယေရှုခရစ်သည် လူသားအားလုံး၏ အပြစ်ဒဏ်ကို ယူတင်ခဲ့ပြီ။

"ငါတို့သည် အပြစ်ရှိစဉ်ပင်ခရစ်တော်သည် ငါတို့အတွက်ကြောင့်အသေခံ တော်မူသည်ဖြစ်၍ ဘုရားသခင်သည်ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည် ကိုငါတို့အားထင်ရှားစွာပြတော်မူ၏" ရောမ (၅း၈)




ခရစ်တော်သည် လူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်သည်။ ယခုခရစ်တော်သည် သင့်ကယ်တင်ရှင်အဖြစ်လုံလောက်သော အရှင်သခင်ဖြစ်သည်။

အတိတ်၊ ပစ္စုပန်၊ အနာဂတ်၏ လူသားတိုင်းအပြစ်ရှိသူများဖြစ်ကြသည်။

<u>မှတ်ချက်</u>။ ဘုရားသခင်သည် လူသားအားလုံး၏ အတိတ်၊ပစ္စုပန်၊အနာဂတ်အပြစ်များကိုခရစ်တော် အားဖြင့် လက်ဝါးကားတိုင်မှာ အသေခံကာယူတင်ဆောင်သွားပြီးထာဝရ ငရဲသွားရမည့်လမ်းမှ ကယ်တင်ခဲ့ပြီ။ ခရစ်တော်သည်လူတွေ အားလုံး၏ ကယ်တင်ရှင်သခင်ဖြစ်သည်။

ကောင်းကင်တံခါးဝသည် လူတွေအားလုံးဝင်ဖို့ရန် ဖွင့်လှစ်ထားသည်။ သို့သော်လည်း လူတွေဘယ်လောက်ကောင်းကင်နိုင်ငံသို့ ဝင်ကြမည်နည်း။

## ၄။ (က) ခရစ်တော်ယေရှုဘုရားအား

-ဘုရားသခင်၏သားတော်
-သေခြင်းတရားကိုအောင်မြင်ပြီး ခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထမြောက်ခဲ့ပြီ ဖြစ်ကြောင်း ယုံကြည်သူသာလျှင်ကောင်းကင်နိုင်ငံသို့ ဝင်ရမည်။

(ခ) ခရစ်တော်ဘုရားအား မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်မှသာလျှင် ကောင်းကင်နိုင်ငံသို့ဝင် ရမည်။

ခရစ်တော်သည် လူသားတိုင်း၏အပြစ်ကို လွှတ်ပေးပြီဖြစ်သည့်အားလျော်စွာ ထာဝရအသက်ကိုလည်း ပေးပြီးဖြစ်သည်။ ထိုအရာကို သင်အမှန်တကယ်ယုံကြည်လက်ခံပါက ကောင်းကင်နိုင်ငံသို့ ဝင်စားရမည်ဖြစ်သည်။

ဘာသာတရား၊ အလုပ်တရားသည် သင့်အားကောင်းကင်နိုင်ငံ သို့ မပို့ဆောင်နိုင်ပါ။ ခရစ်တော်တပါးတည်းသာလျှင် ပို့ဆောင်နိုင်သည်။









ဘုရားသခင်ပေးတော်မူသော ဤဂတိတော်များအား ကျမ်းစာတော်မြတ်အားဖြင့် အမှန်တကယ်သိရှိနိုင်ပါသည်။